သတင်းထုတ်ပြန်ချက်

## နောက်ဆုံးရရှိသောကိန်းဂဏန်းများအရ ထိုင်းမြန်မာနယ်စပ်ရှိဒုက္ခသည်စခန်းများရှိလူဦးရေ ၇.၁% လျော့နည်း သွားခြင်း

အဆိုပါလူဦးရေစာရင်းအချက်အလက်များတွင်အသစ်ရောက်ရှိလာသောဒုက္ခသည်များ၊တတိယနိုင်ငံများသို့ ပြောင်းရွှေ့နေထိုင်သူများ၊မြန်မာပြည်တွင်းသို့ပြန်လည်အခြေချသူလူအနည်းစုများနှင့်ပတ်သက်သည့်အသေးစိတ် အချက်အလက်များပါဝင်သည်။

၃ ဖေဖော်ဝါရီလ ၂၀၁၄ ထိုင်းနိုင်ငံ၊ဘန်ကောက်မြို့၊

နောက်ဆုံးရရှိသောစာရင်းများအရ၂၀၁၃ခုနှစ်အတွင်းထိုင်း-မြန်မာနိုင်ငံနယ်စပ်ရှိ ဒုက္ခသည်စခန်းများရှိလူဦးရေ-၉၀၄၄ဦး(သို့)၇. ၁%လျော့နည်းသွားကြောင်းသိရှိရသည်။ ၂၀၁၃ခုနှစ်၊ဒီဇင်ဘာလ အကုန်ပိုင်းတွင်ထိုစခန်းများရှိလူဦးရေစုစုပေါင်းမှာ(၁၁၉၁၅၆)ဦးရှိသည်။ ၂၀၁၂ခုနှစ်အကုန်တွင်(၁၂၈၂၀၀)ဦးရှိခဲ့ သည်ဟုမြန်မာနိုင်ငံမှဒုက္ခသည်များ၊အိုးအိမ်အခြေပျက်ပြောင်းရွှေ့နေထိုင်ရသူများအားကူညီပံ့ပိုးနေသောအစိုးရ မဟုတ်သောအဖွဲ့အစည်းတစ်ဖွဲ့ဖြစ်သည့် နယ်စပ်ဒေသအကူအညီပေးရေးညွှန့်ပေါင်းအဖွဲ့

(TheBorder Consortium -TBC )မှ ထုတ်ပြန်ထားသောသတင်းများအရသိရှိရသည်။

စခန်းများမှထွက်ခွာသွားသောသူများအနက်အများစု(၇၆၄၉ဦး)*မှာကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး ရုံး၏ပြန်လည်နေရာချထားခြင်းအစီအစဉ်ဖြင့် တတိယနိုင်ငံများသို့ ထွက်ခွာသူများဖြစ်သည်။

နယ်စပ်ဒေသအကူအညီပေးရေးညွှန့်ပေါင်းအဖွဲ့၏အမှုဆောင်ညွှန်ကြားရေးမှူးဖြစ်သူမစ္စစ်ဆယ်လီသွန်မ်ဆင်က စုစုပေါင်းအရေအတွက်လျော့နည်းမှုရှိသော်လည်းဒုက္ခသည်အသစ်များသည်စခန်းများသို့ဆက်လက်ရောက်ရှိလာ ဆဲဖြစ်ကြောင်းကိုသတိပြုမိရန်အရေးကြီးကြောင်း၊၂၀၁၃ခုနှစ်တွင်နိုင်ငံရေးခိုလှုံခွင့်တောင်းဆိုသူအသစ်(၃၃၀၀)ဦး ရှိကြောင်းကိုပြောကြားသွားပါသည်။၄င်းအပြင်စခန်းများတွင်၂၀၁၃ခုနှစ်အတွင်းကလေးငယ်(၃၁၃၇)ဦးမွေးဖွားခဲ့ ပါသည်။

လူဦးရေအပြောင်းအလဲကြောင့်အကာအကွယ်ပေးရေး၊စားနပ်ရိက္ခာခိုလှုံစရာနှင့်အခြားအဓိကဝန်ဆောင်မှုများ-

ဥပမာ-ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များလျော့နည်းမည်ဟုမယူဆနိုင်ပါကြောင်း၊ထိုင်း-မြန်မာ နယ်စပ်တစ်လျှောက်မှာရှိသည့်ဒုက္ခသည်စခန်းများတွင်စိုးရိမ်ဖွယ်ရာအခြေအနေရင်ဆိုင်နေရသူ(၁၂၀၀၀၀)ခန့် ရှိနေကြောင်း၊သူတို့အတွက်အကာအကွယ်ပေးရေးနှင့်လူသားခြင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပေးရေး များလိုအပ်နေဆဲဟု မစ္စစ်ဆယ်လီသွန်မ်ဆင် မှ ပြောကြားပါသည်။

ဒုက္ခသည်လူဦးရေအများစုသည်မြန်မာပြည်တွင်ပြန်လည်အခြေချနေထိုင်ရန်ထွက်ခွါသွားသည်ဆိုသောအထောက် အထားများမတွေ့ရှိရကြောင်း၊ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် ဒုက္ခသည်လူဦးရေ၏ ၃. ၄%သာ မြန်မာပြည်သို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး ၆% မှာ တတိယနိုင်ငံများတွင်သွားရောက်အခြေချနေထိုင်ခဲ့ကြသည်။

ဤကိန်းဂဏန်းများကဒုက္ခသည်လူဦးရေအများစုသည်စခန်းများမှထွက်ခွာပြီးမြန်မာနိုင်ငံအတွင်းသို့ပြန်လည်ဝင် ရောက်နေထိုင်မှုမရှိခြင်းကိုဖော်ပြနေပါသည်။

"ဤအချက်ကိုကြည့်ခြင်းဖြင့်ထိုသို့ပြန်သွားသည့်သူအများစုသည်အခြေအနေကိုသွားရောက်လေ့လာကြည့်သည့် သဘောဖြင့်ပြန်သွားကြခြင်းဖြစ်ပါသည်။"

TBC၏သတင်းအချက်အလက်များအရမြန်မာနိုင်ငံသို့ပြန်သွားသူ၄၃၈၉ဦးအနက်မှ၇၀%သည်အိမ်ထောင်စုတစ်စု ဆီမှမိသားစုဝင်တစ်ဦးနှစ်ဦးမျှသာဖြစ်သည်။သူတို့နှင့်သက်ဆိုင်သောမိသားစုများမှာစခန်းများတွင်ကျန်ရှိနေခဲ့ သည်။၂၀၁၃ခုနှစ်အတွင်းရွှေ့ပြောင်းအလုပ်သမားများအဖြစ်အလုပ်အကိုင်ရှာဖွေရန်ဒုက္ခသည်စခန်းများမှထွက်ခွာ သွားသူဦးရေမှာ (၃၃၄၈)ဦးရှိသည်။

*International Organization for Migration ၏ ၂၀၁၃ခုနှစ် ကုန်ပိုင်းကိန်းဂဏန်းများရရှိမှုအပေါ်မူတည်ပြီး ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ပြန်လည်နေရာချထားခြင်းအစီအစဉ်ဖြင့်တတိယနိုင်ငံများသို့ သွားရောက်အခြေချသူနောက်ဆုံးဦးရေမှာ (၇၆၄၉)ဦးထက်ပိုမိုများပြားနိုင်သည်။

## နည်းစနစ်

TBC ၏ စုစုပေါင်းလူဦးရေစာရင်းစနစ် (Total Population Database –TPD) သည်အီလက်ထရွန်နစ်စာရင်းဇယားစနစ်ဖြစ်သည်။သက်ဆိုင်သောလူဦးရေစာရင်းများကိုထည့်သွင်းထားသောစနစ်ဖြစ်သည်။စခန်းများအားလုံးရှိမှတ်ပုံတင်ထားသောဒုက္ခသည်များ၊မှတ်ပုံမတင်ထားသောဒုက္ခသည်များကိုအသက်အရွယ်မရွေးတစ်ဦးခြင်းတွေ့ဆုံမေးမြန်းခြင်းနည်းအပါအဝင်နှစ်စဉ်သန်းခေါင်စာရင်းအတည်ပြုခြင်းဖြင့်ကောက်ခံရရှိသောစာရင်းများကိုပြုစုထားသည်။တွေ့ဆုံမေးမြန်းခြင်းတွင်UNHCR ၌မှတ်ပုံတင်ထားသောဒုက္ခသည်များ၏UNHCRမှ ထုတ်ပေးထားသောစာရွက်စာတမ်းများကိုစစ်ဆေးပြီးTPD-စနစ်တွင်အချက်အလက်များထည့်သွင်းသည်။
မှတ်ပုံမတင်ထားသောဒုက္ခသည်များအားလုံး၏အချက်အလက်များမှတ်တမ်းတင်ခြင်း၊ဓါတ်ပုံရိုက်ယူခြင်းများပြုလုပ်ပြီးTPD-စနစ်တွင်ထည့်သွင်းသည်။ထို့နောက်TPDစနစ်ကိုလစဉ်အလိုက်လူဦးရေတိုးခြင်း၊
(အသစ်ရောက်ရှိလာသူများ၊မွေးဖွားသူများနှင့်ထွက်ခွာသူများ-တတိယနိုင်ငံသို့သွားရောက်သူများ၊သေဆုံးသူများ)ကို နောက်ဆုံးအတည်ပြုစစ်ဆေးသည်။

## နောက်ခံအချက်အလက်များ

၂၀၁၃ခုနှစ်ဒီဇင်ဘာ၃၁ရက်နေ့တွင်မြန်မာ-ထိုင်းနယ်စပ်ရှိဒုက္ခသည်စခန်း-၉ခုတွင်ဒုက္ခသည်စုစုပေါင်း(၁၁၉၁၅၆)ဦး ရှိသည်။၂၀၁၃ခုနှစ်အတွင်းအသစ်ရောက်လာသောဒုက္ခသည်များ စခန်းတွင်းမွေးဖွားသူများနှင့်အခြား

အကြောင်းများကြောင့်(၈၈၆၁)ဦးတိုးပွားခဲ့ပါသည်။၂၀၁၃ခုနှစ်တွင်တတိယနိုင်ငံသို့ရွှေ့ပြောင်းအခြေချခြင်း၊မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခြင်း၊ သေဆုံးခြင်း ၊ အလုပ်အကိုင်ရှာဖွေခြင်းအတွက် စခန်းများမှ လူဦးရေစုစုပေါင်း(၁၇၉၀၅)ဦးလျော့နည်းခဲ့ပါသည်။ထို့ကြောင့်အသားတင်လျော့နည်းသွားသောလူဦးရေမှာ(၉၀၄၄)ဦးသို့မဟုတ် ၇. ၁% ဖြစ်ပါသည်။

UNHCR၊TBC၊မြန်မာနိုင်ငံတော်အစိုးရ၊ထိုင်းနိုင်ငံအစိုးရနှင့်TBC၏နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများဒုက္ခသည်များအားလုံးစနစ်တကျပြန်လည်အခြေချနေထိုင်ရေးအတွက်အခြေအနေများမဖော်ဆောင်နိုင်သေးပါဟုသုံးသပ်ပါသည်။

TBCသည်ကို မြန်မာနိုင်ငံမှ ဒုက္ခသည်များ အိုးအိမ်အခြေပျက် ပြောင်းရွှေ့ရသူများ၊ စစ်ဘေးဒဏ်ခံရသူပြည်သူများအတွက် စားနပ်ရိက္ခာ၊နေထိုင်စရာနှင့် စွမ်းရည်တည်ဆောက်ခြင်းများ ရပ်ရွာအခြေပြုစီမံခန့်ခွဲသည့်စီမံကိန်းများဖြင့် လုပ်ဆောင်နေပါသည်။

TBC သည် နိုင်ငံပေါင်း ၈ နိုင်ငံမှ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ-အဖွဲ့၁၀ဖွဲ့ ပေါင်းစည်းထားသောညွန့်ပေါင်းအဖွဲ့ဖြစ်ပါသည်။

TBC ၏ ရုံးချုပ်မှာ ဘန်ကောက်မြို့တွင်ရှိ၍နယ်ရုံးများမှာ မဲဟောင်ဆန်၊ မယ်ဆရိရန်၊မဲဆောက်၊ အွန်ဖန်းနှင့်ကန်ချနာဘူရီမြို့များတွင်ရှိသည်။ရန်ကုန်မြို့တွင်အစီအစဉ် ရုံးဖွင့်လှစ်ထားပါသည်။

သတင်းအချက်အလက်များထပ်မံသိရှိလိုပါက/အင်တာဗျူးမေးမြန်းလိုပါက ဆက်သွယ်ရန် --**Mike Bruce, email: mike@theborderconsortium.org, mobile +66(0)818219770**

သို့မဟုတ်

သတင်းအချက်အလက်များထပ်မံသိရှိလိုပါက/**Sally Thompson** နှင့် အင်တာဗျူးမေးမြန်းလိုပါက **Mike Bruce, Communications Specialist, email: mike@theborderconsortium.org, mobile +66(0)818219770** ထံသို့ ဆက်သွယ်ပါ။